# နမူနာပုံစံနှင့် လမ်းညွှန်ချက်
**(ကတ်ပုံစံလျှောက်လွှာ )**

ကျောင်းသားများအတွက် အမျိုးသားပင်စင်အာမခံကြေး အထူးပေးသွင်းမှုစနစ် လျှောက်လွှာဖြည့်စွက်ရန် ဤလမ်းညွှန်ချက်ကို ဖတ်ရှုပါ။ ဖောင်တွင် မိမိ၏အချက်အလက်များကို ဖြည့်စွက်ရာ၌ **မင်နီ**ဖြင့် ပြထားသော နမူနာအတိုင်း ဂျပန်ဘာသာ၊ အင်္ဂလိပ်အက္ခရာ သို့မဟုတ် ဂဏန်းများ (A, B, C... 1, 2, 3...) ဖြင့် ဖြည့်စွက်ပေးပါ။ လျှောက်လွှာတွင် လိုအပ်သော အချက်အလက်များ မပြည့်စုံခြင်း သို့မဟုတ် လိုအပ်ချက်များ ရှိနေပါက လျှောက်လွှာအား ပြန်လည်ပေးပို့၍ ဂျပန်ဘာသာဖြင့် ဖြည့်စွက်ရန် တောင်းဆိုရမည်ဖြစ်သောကြောင့် လျှောက်ထားမှုလုပ်ငန်းစဉ်များ ကြန့်ကြာနိုင်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

မိမိတက္ကသိုလ်/ ကျောင်းအမည်နှင့် လိပ်စာကို ဖြည့်စွက်ပါ။

တက္ကသိုလ်/ ကျောင်းသို့ ဝင်ရောက်ခဲ့သည့် နှစ်/လနှင့် ဘွဲ့ရမည့် မျှော်မှန်း နှစ်/လတို့ကို ဖြည့်စွက်ပါ။

ဤသည်မှာ ကျောင်းသားများအတွက် အထူးပေးသွင်းမှုစနစ် လျှောက်ထားမှု စတင်သည့် နှစ်/လနှင့် ပြီးဆုံးသည့် နှစ်/လကို ဖြည့်စွက်ရမည့်အပိုင်းဖြစ်သည်။ လျှောက်ထားမှုနှစ်ကာလမှာ ပုံမှန်အားဖြင့် ဧပြီလမှ နောက်နှစ် မတ်လအထိဖြစ်သည်။
လျှောက်လွှာကတ်ကို လက်ခံရရှိချိန်တွင် သတ်မှတ်နှစ်၏ စတင်သည့်လကို ရိုက်နှိပ်ပြီးသား ဖြစ်နေနိုင်ပါသည် (ဥပမာ- ရဲဝ 8 ခုနှစ် (2026)၊ ဧပြီလ)။ အာမခံကြေးပေးသွင်းမှုကို နှစ်ကုန်အထိ ရွှေ့ဆိုင်းလိုပါက "2027 ခုနှစ်၊ 3 လပိုင်း" ဟု ဖြည့်စွက်ပါ။


လျှောက်ထားသည့်နှစ်၏ ယခင်နှစ်ဝင်ငွေကို ဖော်ပြပါ။ ဝင်ငွေမရှိပါက 1 ၊ ဝင်ငွေယန်း 128 သောင်းနှင့်အောက်ဆိုပါက 2 ၊ ဝင်ငွေယန်း 128 သောင်းထက် ကျော်ပါက 3 ကို အဝိုင်းဝိုင်းပါ။
**မှတ်ချက် :** ဤဝင်ငွေဆိုသည်မှာ ဂျပန်နိုင်ငံရှိ လိုအပ်သောကုန်ကျစရိတ်များကို နုတ်ပြီးသားပမာဏကို ဆိုလိုသည်။ ဝင်ငွေစာရင်း မတင်ပြရသေးပါက သို့မဟုတ် မသိရှိပါက မိမိနေထိုင်ရာ စည်ပင်သာယာရေးရုံးသို့ ဆက်သွယ်မေးမြန်းပါ။

ဤအပိုင်းတွင် လျှောက်ထားသူမိမိမှ ကျောင်းသားများအတွက် အထူးပေးသွင်းမှုစနစ်ကို လျှောက်ထားကြောင်း ဖော်ပြရမည်။ ထို့နောက် လျှောက်လွှာအား စစ်ဆေးရန်လိုအပ်သော ဝင်ငွေအပါအဝင် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ဂျပန်ပင်စင်အဖွဲ့ (JPS) နှင့် စည်ပင်သာယာရေးရုံးများသို့ မျှဝေရန် သဘောတူပြီး အပ်နှင်းရမည်။
လျှောက်ထားသည့်ရက်စွဲ (ခုနှစ်/လ/ရက်)၊ နေထိုင်သူမှတ်ပုံတင် Resident Registry *JUMINHYO* ပါ လိပ်စာ၊ နိုင်ငံကူးလက်မှတ်တွင် ဖော်ပြထားသည့် အင်္ဂလိပ်အက္ခရာဖြင့် မိမိအမည် (နာမည်နှင့် မျိုးရိုးအမည်) နှင့် ဖုန်းနံပါတ်တို့ကို ဖြည့်စွက်ပါ။

**မှတ်ချက် :**
- ဂျပန်ပင်စင်အဖွဲ့ (JPS) ၏ စစ်ဆေးမှုလုပ်ငန်းစဉ်သည် 2 လခန့် ကြာမြင့်ပါသည်။ လျှောက်ထားမှုရလဒ်ကို စောင့်ဆိုင်းနေစဉ်အတွင်း အကြောင်းကြားစာ သို့မဟုတ် တောင်းခံလွှာများ ရရှိလာပါက လုပ်ငန်းစဉ်ပြီးဆုံးသည်အထိ သိမ်းဆည်းထားပေးပါ။
- မိမိသည် ကျောင်းသားမဟုတ်ပါက အမျိုးသားပင်စင်အာမခံကြေး ကင်းလွတ်ခွင့်/ ပေးသွင်းမှုဆိုင်းငံ့ခွင့်ကို လျှောက်ထားပါ။

*အသေးစိတ်သိရှိလိုပါက ဂျပန်ပင်စင်အဖွဲ့ (JPS) ရုံးခွဲ သို့မဟုတ် မိမိနေထိုင်ရာ စည်ပင်သာယာရေးရုံးသို့ ဆက်သွယ်မေးမြန်းပါ။*

**ကျောင်းသားများအတွက် အမျိုးသားပင်စင်အာမခံကြေး အထူးပေးသွင်းမှုစနစ် လျှောက်လွှာ**




လျှောက်လွှာဖြည့်စွက်ပြီးပါက မိမိအချက်အလက်များကို ပူးတွဲပါ ချိပ်ပိတ်စတစ်ကာဖြင့် ဖုံးအုပ်ပြီး စာတိုက်ပုံးသို့ ထည့်သွင်းပေးပို့ပါ။




**စာတိုက်ပုံးသို့**

